CB Securities Limited, #03-04, Union Financial Center,
Corner of Mahabandoola Road & Theinphyu Road, Yagon, Myanmar.
Tel: +95-1-8610309-13, 8610331-35, Fax: + 95 1 8610314, 8610330
E mail: contact@cbsecurities.com.mm

မင်္ဂလာပါ။

လူကြီးမင်းတို့အနေနှင့် ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်ရန် Trading account ဖွင့်ရာတွင် CB Securities အား ယုံယုံကြည်ကြည် ရွေးချယ်ပေးခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်ရန်နှင့် အခြားသောကိစ္စများအတွက် CB Securities အားဆက်သွယ်ရာတွင် လူကြီးမင်းတို့၏ Trading Account အမှတ်အားအသုံးပြုပေးရမည်ဖြစ်ပါသည်။ ထို **Trading Account အမှတ်အား သင့်၏လက်ရှိအီးမေးလ်သို့ CB Securities မှ ယခင်ပေးပို့ထားသည့် Welcome Letter (English Version) တွင်ဖော်ပြထားပြီး ဖြစ်ပါသည်။**

Welcome Letter တွင်ပါဝင်သည့်အချက်အလက်များနှင့် ဖောင်ဖြည့်စဉ်က ဖြည့်စွက်ထားသည့် အချက်အလက်များ ကိုက်ညီမှုမရှိပါက စာရောက်ရှိထားသည့်နေ့မှစ၍ (၁၀) ရက်အတွင်း အကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

**စတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်တိုင်း အီလက်ထရောနစ်စနစ် သဘောတူညီချက်စာချုပ်မိတ္တူ (Contract Note) အား ယခု အီးမေးလ်လိပ်စာသို့ပေးပို့သွားမည်**ဖြစ်ပြီး CB Securities ၏ ဝက်ဘ်ဆိုက်နှင့် မိုဘိုင်းလ် အပလီကေးရှင်းအားလည်း အစုရှယ်ယာများရောင်းဝယ်ခြင်းအတွက် မကြာမီအသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။

**အစုရှယ်ယာများမရောင်းမီ သင်၏ Securities Trading Account တွင်ရောင်းချလိုသော ရှယ်ယာအရေအတွက် ကြိုတင်ရှိနေရမည်ဖြစ်ပါသည်။ ထို့အတူ အစုရှယ်ယာများအဝယ်ယူမီ သင့်၏ Securities Trading Account တွင် လုံလောက်သော ငွေပမာဏရှိနေရမည်ဖြစ်ပါသည်။**

**အစုရှယ်ယာဝယ်ယူရန်အတွက် လိုအပ်သော ငွေပမာဏအား CB Bank ၏ Mobile Banking မှတစ်ဆင့်လွှဲနိုင်ပြီး** ငွေလွှဲပုံအဆင့်ဆင့်အား ပူးတွဲပါ Manual တွင်ဖတ်ရှုနိုင်ပါသည်။

**Mobile Banking အသုံးမပြုသူများအနေနှင့် ဘဏ်ခွဲများမှတစ်ဆင့် CB Securities Account ထဲသို့ထည့်ပေးရမည်ဖြစ်ပါသည်။** ငွေပေးသွင်းရာတွင် **(၁)အမည်၊ (၂)မှတ်ပုံတင်၊ (၃)ဆက်သွယ်ရန်ဖုန်းနံပါတ် နှင့် (၄) Securities Trading Account အမှတ်အားဖြည့်စွက်ပေးရပါမည်။** ထို့နောက် CB Securities မှ အဆိုပါငွေပမာဏအား သင်၏ Securities Trading Account ထဲသို့ထပ်ဆင့်လွှဲပြောင်းပေးသွားမည်ဖြစ်ပါသည်။

**စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ရန် အတွက် CB Securities ၏ ရှယ်ယာအရောင်းအဝယ်အကျိုးဆောင်ဌာန (ဖုန်း ၀၁-၈၆၁၀၃၀၉ မှ ၁၃)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီး** မကျေနပ်ချက်များ (သို့) အကြံပြုချက်များရှိပါက feedback@cbsecurities.com.mm သို့ပေးပို့နိုင်ပါသည်။

သင်တို့၏ဘဏ္ဍာရေးဆိုင်ရာရည်မှန်းချက်များ ပြည့်ဝနိုင်စေရန် လိုအပ်သော ပညာပေးဆွေးနွေးချက်များ နှင့် ဈေးကွက်ဆိုင်ရာလေ့လာရရှိချက်များအား ပံ့ပိုးပေးခြင်းသာမက ရေရှည်လက်တွဲယုံကြည်နိုင်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီဖြစ်လာစေရန် သမာဓိကျမှုတသောကျင့်ထုံးများနှင့်အညီ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

**CB Securities Ltd**

၁။

• အစုရှယ်ယာများအရောင်းအဝယ်လုပ်နိုင်ရန် **Securities Trading Account အရင်ဖွင့်ရပါမည်။**

၂။

• အစုရှယ်ယာများမရောင်းခင် သင့်၏ **Securities Trading Account တွင် သင်ရောင်းချလိုသော အစုရှယ်ယာကြိုတင်ရှိရမည်။**

• အစုရှယ်ယာများအဝယ်ယူခင် သင့်၏ **Securities Trading Account တွင် လုံလောက်သော ငွေပမာဏရှိရပါမည်။**

၃။

• အစုရှယ်ယာများမဝယ်ယူမှီ **Securities Trading Account သို့ မိမိတို့ဝယ်ယူလိုသောစတော့ရှယ်ယာအတွက်လိုအပ်သည့် ငွေပမာဏကို အရင်ဆုံးလွှဲပေးရပါမည်။**

• **နည်းလမ်း ၁- CB Bank ၏ Mobile banking နှင့်လွှဲပေးခြင်း။ (ပူးတွဲပါလမ်းညွှန်အတိုင်း)**

• **နည်းလမ်း ၂- နီးစပ်ရာ CB ဘဏ်ခွဲများတွင် သွားရောက်ငွေသွင်းခြင်း။** CB Securites Account ထဲသို့ထည့်ပေးရမည်ဖြစ်ပြီး CB Securities မှ သင်၏ Securities Trading Account သို့ထပ်ဆင့်လွှဲပေးသွားမည်ဖြစ်ပါသည်။ ဤသို့လွှဲပေးရာတွင် မိမိ၏အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်ဖုန်းနံပါတ် နှင့် Securities Trading Account အမှတ်အားဖြည့်စွက်ပေးရပါမည်။

၄။

• ရင်းနှီးမြှုပ်နှံသူများမှ **အရောင်းအဝယ်အမှာစာအား ဖုန်း- ၀၁၈၆၁၀၃၀၉ မှ ၁၃ အားခေါ်ဆိုခြင်း (သို့) CB Securities ရုံးချုပ်သို့လူကိုယ်တိုင်လာရောက်၍ အမှာစာတင်ရမည်။**

၅။

• CB Securities မှ အရောင်းအဝယ်အမှာစာ လက်ခံရရှိပါမည်။

၆။

• CB Securites မှအရောင်းအဝယ်အမှာစာများအား ရန်ကုန်စတော့အိတ်ချိန်းသို့ပေးပို့ပါမည်။

၇။

• ရန်ကုန်စတော့အိတ်ချိန်းမှ အဆိုပါအမှာစာအားလက်ခံရရှိပါမည်။

၈။

• **အရောင်းအဝယ်ဖြစ်မြောက်ပါက CB Securities မှ အီလက်ထရောနစ်စနစ် သဘောတူစာချုပ် (Contract Note) အား သင်၏အီးမေးလ်လိပ်စာသို့ပေးပို့သွားမည်ဖြစ်ပါသည်။**

• **အရောင်းအဝယ်မဖြစ်မြောက်ပါက အရောင်းအဝယ် ပယ်ဖျက်သွားမည်ဖြစ်ပါသည်။**

၉။

•**အရောင်းအဝယ်ဖြစ်မြောက်ပါက (၄)ရက်မြောက်နေ့တွင် သင်၏ Securities Trading Account သို့ အစုရှယ်ယာ (သို့) ရောင်းချ၍ရရှိသောငွေပမာဏ ဝင်ရောက်လာမည်ဖြစ်ပါသည်။**

## သင့်၏ CB Securities Trading Account သို့ CB ဘဏ် Easi Mobile Application မှငွေလွှဲပုံအဆင့်ဆင့်

၁။ CB Bank Easi Mobile Application သို့ ဦးစွာဝင်၍ Login အားရွေးချယ်ပေးပါ။




၂။ မိမိသတ်မှတ်ထားသော လျှို့ဝှက်ဂဏန်းရိုက်နှိပ်၍ OK အားနှိပ်ပေးပါ။




၃။ My Service ထဲရှိ Payment အားရွေးချယ်ပေးပါ။



၄။ Payment အားရွေးချယ်သည်နှင့် အောက်ပါပုံအတိုင်းတွေ့ရှိမည်ဖြစ်ပြီး CB Securities ရှိ မိမိ၏ Securities Trading Account ထဲသို့လွှဲပြောင်းရန် CB Securities အားရွေးချယ်ပေးပါ။




၅။ CB Securities အားရွေးချယ်ပြီးပါက သင့်တွင်ရှိသော CB Bank စာရင်းများအား အောက်ပါအတိုင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ မိမိလွှဲပြောင်းပေးလိုသော ဘဏ်စာရင်းကိုရွေးပေးပါ။



၆။ လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ပြီး Submit အားနှိပ်လိုက်ပါက CB Securities Trading Account သို့ ငွေလွှဲခြင်းပြီးဆုံးပြီဖြစ်ပါသည်။

